ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# အမျိုးသား အစားအသောက် ဥပဒေ

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# အမျိုးသားအစားအသောက်ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၅/၉၇)

၁၃၅၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

(၁၉၉၇ ခုနှစ်၊ မတ်လ ၃ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို အမျိုးသား အစားအသောက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) အစားအသောက် ဆိုသည်မှာ ဆေးဝါးမှအပ လူတို့ အသင့်စားသုံးနိုင်သည့် သို့မဟုတ် သောက်သုံးနိုင်သည့် စားသောက်ဖွယ်ရာ၊ ယင်းတို့တွင် ပါရှိသောပစ္စည်း သို့မဟုတ် အစားအသောက် ထပ်ဖြည့်ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကျန်းမာရေးဝန်ကြီးဌာနက အခါ အားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အစားအသောက်ဟု သတ်မှတ်သော ပစ္စည်းလည်း ပါဝင်သည်၊

(ခ) အာဏာပိုင်အဖွဲ့ ဆိုသည်မှာ အမျိုးသားဆေးဝါး ဥပဒေအရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါး အာဏာပိုင်အဖွဲ့တွင် ဤဥပဒေ ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်ဖြင့် ဖြည့်စွက် ဖွဲ့စည်းသော အဖွဲ့ကို ဆိုသည်၊

(ဂ) ထိန်းချုပ်အစားအသောက် ဆိုသည်မှာ အာဏာပိုင် အဖွဲ့ကအခါအားလျော်စွာအမိန့်ကြော်ငြာစာထုတ်ပြန်၍ ထိန်းချုပ်အစားအသောက်ဟု သတ်မှတ်သော အစား အသောက်ကို ဆိုသည်၊

(ဃ) အစားအသောက်ထပ်ဖြည့်ပစ္စည်း ဆိုသည်မှာ အာဏာပိုင်အဖွဲ့က သတ်မှတ်သော အစားအသောက် ထုတ်လုပ်ပြုပြင်ရာတွင် အသုံးပြုသည့် ပစ္စည်းကို သော်လည်းကောင်း၊ အစားအသောက်တွင် အရောင် အဆင်း၊ အနံ့၊ အရသာအတွက် ဖြည့်စွက်အသုံးပြုသည့် ပစ္စည်းကို သော်လည်းကောင်း ဆိုသည်၊

(င) စံမညီ အစားအသောက် ဆိုသည်မှာ သက်ဆိုင်ရာ အစားအသောက်နှင့် စပ်လျဉ်း၍ အာဏာပိုင်အဖွဲ့က သတ်မှတ်သည့် အသေးစိတ် သတ်မှတ်ချက်များနှင့် မကိုက်ညီသော၊ အနိမ့်ဆုံး စံထက်လျော့နေသော သို့မဟုတ် အမြင့်ဆုံး စံထက်ပိုနေသော အစားအသောက်ကို ဆိုသည်၊

(စ) လိုင်စင် ဆိုသည်မှာ အစားအသောက် ထုတ်လုပ်ရန် အတွက် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းက ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်၊

(ဆ) ကျန်းမာရေးနှင့် ညီညွတ်သန့်ရှင်းမှုမရှိသော အခြေအနေ ဆိုသည်မှာ အစားအသောက်တွင် အညစ်အကြေး၊ အမှိုက်တို့ဖြင့် ရောနှောခြင်းကြောင့် စားသုံးသူ၏ ကျန်းမာရေးကို ထိခိုက်နိုင်သော သို့မဟုတ် ဘေးဥပဒ် အန္တရာယ်ဖြစ်နိုင်သော အခြေအနေကို ဆိုသည်၊

(ဇ) ထုတ်လုပ်ခြင်း ဆိုသည်မှာ ရောင်းချရန်အလို့ငှာ အစားအသောက် ထုတ်လုပ်ရာတွင် ဆောင်ရွက်ရသော လုပ်ငန်းဆောင်တာများကို ဆိုသည်။ ယင်းစကားရပ်တွင် အဆင့်ဆင့် လုပ်ဆောင်ရသည့် လုပ်ငန်းများ အနက် လုပ်ငန်းအဆင့် တစ်ခုခု သို့မဟုတ် လုပ်ငန်းအဆင့် အားလုံးဆောင်ရွက်ခြင်းလည်း ပါဝင်သည်၊

(ဈ) အရည်အသွေး အာမခံခြင်း ဆိုသည်မှာ စားသုံးသူ အတွက် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ် အန္တရာယ်ကင်း၍ သန့်ရှင်းမှုရှိသော အစားအသောက် ဖြစ်သည်ဟု အာမခံခြင်းကို ဆိုသည်၊

(ည) အမှတ်တံဆိပ်ကပ်ခြင်း ဆိုသည်မှာ အစားအသောက် ထည့်သော ဘူး၊ ပုလင်း၊ ကတ်ပြား၊ ဘူးခွံ သို့မဟုတ် အစားအသောက်ထုပ်ပိုးသော ပစ္စည်းတစ်ခုခုပေါ်တွင် အမှတ်တံဆိပ် ပြုလုပ်ထားခြင်းကို ဆိုသည်၊

(ဋ) ကြော်ငြာခြင်း ဆိုသည်မှာ အစားအသောက်ကို တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် လူအများ သိရှိရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆောင်ရွက် ခြင်းကို ဆိုသည်၊

(ဌ) မူလဓာတ်ခွဲခန်း ဆိုသည်မှာ အစားအသောက် နမူနာ များကို ဓာတ်ခွဲစစ်ဆေးရန် အာဏာပိုင်အဖွဲ့က အမိန့် ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော ဓာတ်ခွဲခန်းကို ဆိုသည်၊

(ဍ) အယူခံဓာတ်ခွဲခန်း ဆိုသည်မှာ မူလဓာတ်ခွဲခန်းမှ အစားအသောက် နမူနာများကို ဓာတ်ခွဲစစ်ဆေးမှုနှင့် စပ်လျဉ်း၍ ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာသည့် အခါ၌ လည်းကောင်း၊ ကျေနပ်မှု မရှိသဖြင့် အယူခံ

ဝင်သည့် အခါ၌ လည်းကောင်း ယင်းအစားအသောက် နမူနာများကို ထပ်မံစစ်ဆေး၍ အပြီးသတ် အဆုံးအဖြတ်ပြု နိုင်ရန် အာဏာပိုင်အဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သီးခြားသတ်မှတ်ပေးသော ဓာတ်ခွဲခန်းကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် —

(က) အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ် အန္တရာယ်ကင်းရှင်းသော အစားအသောက်ကို အများပြည်သူတို့ စားသုံးနိုင်ရန်၊

(ခ) ဘေးဥပဒ်အန္တရာယ် ဖြစ်စေနိုင်သော၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အစားအသောက်ကို အများပြည်သူတို့ စားသုံးမိခြင်းမှ ကာကွယ်နိုင်ရန်၊

(ဂ) ထိန်းချုပ် အစားအသောက်ထုတ်လုပ်ခြင်းကိုစနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်ရန်၊

(ဃ) အစားအသောက်များ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများကို စနစ်တကျကွပ်ကဲ ထိန်းသိမ်းရန်။

## အခန်း (၃)

## အာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်း

၄။ အစိုးရသည် ဤဥပဒေပါ အစားအသောက်ဆိုင်ရာ ကိစ္စရပ်များကိုဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါး အာဏာပိုင်အဖွဲ့တွင် အောက်ပါ ပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ဖွဲ့စည်းရမည်—

(က) ညွှန်ကြားရေးမှူးချုပ်
စည်ပင်သာယာရေးဦးစီးဌာန
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန

(ခ) အောက်ဖော်ပြပါ အဖွဲ့အစည်းများမှ ကိုယ်စားလှယ် တစ်ဦးစီ—

(၁) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

(၂) မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ

(ဂ) အောက်ဖော်ပြပါ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သည့် ပုဂ္ဂိုလ်တစ်ဦးစီ—

(၁) အစားအစာသိပ္ပံပညာ

(၂) အဏုဇီဝဗေဒပညာ

(၃) အစားအစာ စက်မှုလုပ်ငန်းပညာ

(၄) အဆိပ်အတောက်ပညာ

၅။ အစိုးရဝန်ထမ်းမဟုတ်သော အာဏာပိုင်အဖွဲ့ဝင်သည် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

## အခန်း (၄)

## အာဏာပိုင်အဖွဲ့၏ လုပ်ငန်းတာဝန်များ

၆။ ပုဒ်မ ၄ အရ ဖွဲ့စည်းသော အာဏာပိုင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) အစားအသောက်ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ခ) အစားအသောက်အတွက် အရည်အသွေးအာမခံခြင်းနှင့် စပ်လျဉ်း၍ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်များ သတ်မှတ်ခြင်း၊

(ဂ) အစားအသောက်ကိုစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်းများနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ဃ) အစားအသောက်အမှတ်တံဆိပ်ကပ်ခြင်း၊ ကြော်ငြာခြင်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(င) ထိန်းချုပ်အစားအသောက်နှင့် အစားအသောက်ထပ်ဖြည့်ပစ္စည်း အမျိုးအစားများကိုသတ်မှတ်ခြင်း၊

(စ) စံမညီအစားအသောက်နှင့် စပ်လျဉ်း၍ အသေးစိတ်သတ်မှတ်ချက်များ၊ စံနှုန်းများသတ်မှတ်ခြင်း၊

(ဆ) အစားအသောက်ကိုပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းနှင့် စပ်လျဉ်း၍ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်မဖြစ်စေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) မူလဓာတ်ခွဲခန်းနှင့် အယူခံဓာတ်ခွဲခန်းများသတ်မှတ်ခြင်း၊

(ဈ) ကျွမ်းကျင်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကော်မတီများဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီများ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ည) အစားအသောက်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကြီးကြပ်နိုင်ရန် အမျိုးသား ဆေးဝါးဥပဒေပုဒ်မ ၅ ပုဒ်မခွဲ (ဌ) အရ ဖွဲ့စည်းထားသည့် ပြည်နယ် သို့မဟုတ် တိုင်း၊ ခရိုင်၊ မြို့နယ်များရှိ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီများ၏ လုပ်ငန်း တာဝန်များကို ဖြည့်စွက်သတ်မှတ်ခြင်း။

၇။ အစားအသောက်ထုတ်လုပ်သော အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသည် အစားအသောက် ထုတ်လုပ်ခြင်းမပြုမီ အာဏာပိုင်အဖွဲ့နှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

၈။ အာဏာပိုင်အဖွဲ့သည် မိမိ၏ လုပ်ငန်းတာဝန်များကို ဌာနတစ်ခုခု သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်အားလွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

## အခန်း (၅)

## လိုင်စင်လျှောက်ထားခြင်း

၉။ ထိန်းချုပ်အစားအသောက်ထုတ်လုပ်လိုသူသည် လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသို့ လိုင်စင် လျှောက်ထားရာတွင် ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်ရရှိမှသာ လျှောက်ထားခွင့်ရှိသည်။

၁၀။ ထိန်းချုပ် အစားအသောက် ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ကျန်းမာရေး ဦးစီးဌာနသည် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းရှိ မရှိ စိစစ်ပြီး ထောက်ခံချက် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၁။ ထိန်းချုပ် အစားအသောက်မှအပ အခြား အစားအသောက် ထုတ်လုပ်လိုသူသည် တည်ဆဲ ဥပဒေများနှင့်အညီ သက်ဆိုင်ရာ လိုင်စင် ထုတ်ပေးပိုင်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသို့ လိုင်စင် လျှောက်ထားရမည်။

၁၂။ သက်ဆိုင်ရာ လိုင်စင် ထုတ်ပေးပိုင်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသည် လိုင်စင် စည်းကမ်းချက်၊ လိုင်စင်သက်တမ်း၊ လိုင်စင်ခနှင့် လိုင်စင်သက်တမ်း တိုးမြှင့်ခ တို့ကို သတ်မှတ်နိုင်သည်။

## အခန်း (၆)

## လိုင်စင်ကို ကာလသတ်မှတ်ချက်ဖြင့် ခေတ္တရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း

၁၃။ မြို့နယ် အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေး ကော်မတီသည် အောက်ပါ ပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်သူအား ယာယီ သို့မဟုတ် အမြဲတမ်း ပိတ်ပင်တားမြစ်ခြင်း ပြစ်ဒဏ်ကို ချမှတ်နိုင်သည်—

(က) ကျန်းမာရေးနှင့် ညီညွတ် သန့်ရှင်းမှုမရှိသော အခြေအနေတွင် အစားအသောက်ကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ရောင်းချခြင်း၊

(ခ) အစားအသောက်မှ တစ်ဆင့် ကူးစက်နိုင်သော ရောဂါရှိသူ သို့မဟုတ် အဆိုပါ ရောဂါပိုး သယ်ဆောင်သူကို အစားအသောက် ထုတ်လုပ်သော၊ သိုလှောင်သော သို့မဟုတ် ရောင်းချသောနေရာသို့ ဝင်ရောက်စေခြင်း၊ အလုပ်လုပ်ကိုင်စေခြင်း။

၁၄။ လိုင်စင်ရရှိသူသည် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ၊ အာဏာပိုင် အဖွဲ့ကဖြစ်စေ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းချက် တစ်ရပ်ရပ် သို့မဟုတ် လိုင်စင် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် သို့မဟုတ် ဖောက်ဖျက်သည်ဟု ထင်မြင်ယူဆလျှင် သက်ဆိုင်ရာ လိုင်စင် ထုတ်ပေးပိုင်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းက လိုင်စင်ကို ကာလသတ်မှတ်ချက်ဖြင့် ခေတ္တ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။

၁၅။ အာဏာပိုင်အဖွဲ့သည် အရည်အသွေး အာမခံခြင်းဆိုင်ရာ စည်းကမ်းချက် တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် လိုင်စင် ပယ်ဖျက်ခြင်းခံရသူ ထုတ်လုပ်ဖြန့်ဖြူးထားသော အစားအသောက်များကို သိမ်းဆည်းရန် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်း၊ ခရိုင်၊ မြို့နယ် အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေး ကော်မတီများသို့ ညွှန်ကြားနိုင်သည်။

## အခန်း (၇)

## အယူခံခြင်း

၁၆။ လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းက လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ လိုင်စင်ကို ကာလသတ်မှတ်ချက်ဖြင့် ခေတ္တရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သက်ဆိုင်ရာဝန်ကြီး သို့မဟုတ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌထံ အယူခံနိုင်သည်။

၁၇။ သက်ဆိုင်ရာဝန်ကြီး သို့မဟုတ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက ချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၈)

## အရည်အသွေးအာမခံခြင်း၊ အမှတ်တံဆိပ်ကပ်ခြင်း၊ ကြော်ငြာခြင်း

၁၈။ အစားအသောက်ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်သူသည် အစားအသောက် အရည်အသွေး အာမခံခြင်း၊ အမှတ်တံဆိပ်ကပ်ခြင်း၊ ကြော်ငြာခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ၊ အာဏာပိုင်အဖွဲ့ကဖြစ်စေ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာရမည်။

## အခန်း (၉)

## စစ်ဆေးရေးမှူးများအဖြစ် တာဝန်ပေးအပ်ခြင်း

၁၉။ ကျန်းမာရေးဝန်ကြီးဌာနသည်—

(က) အစားအသောက် စစ်ဆေးရေး လုပ်ငန်းနှင့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်များကို လိုက်နာခြင်း ရှိ မရှိ စစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မိမိလက်အောက်ရှိ ဝန်ထမ်းများကို အစားအသောက် စစ်ဆေးရေးမှူးများအဖြစ် တာဝန်ပေးအပ်ရမည်၊

(ခ) ရန်ကုန်မြို့တော် စည်ပင် သာယာရေးနယ်နိမိတ်များ နှင့် မန္တလေးမြို့ စည်ပင်သာယာရေး နယ်နိမိတ် များ တွင် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်း၍လည်းကောင်း၊ အခြား ဒေသများတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍လည်းကောင်း သင့်လျော်သော ဝန်ထမ်းများကို အစားအသောက် စစ်ဆေးရေးမှူးများ အဖြစ် တာဝန်ပေးအပ်နိုင်သည်၊

(ဂ) အစားအသောက်စစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၂၀။ (က) အစားအသောက် စစ်ဆေးရေးမှူးသည် မိမိ၏ စစ်ဆေးတွေ့ရှိချက်များကို သက်ဆိုင်ရာမြို့နယ် အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြရမည်၊

(ခ) မြို့နယ် အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီသည် အစားအသောက် စစ်ဆေးရေးမှူး၏ တင်ပြချက်ကို စိစစ်ပြီး—

(၁) ပုဒ်မ ၁၃ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက သက်ဆိုင်ရာ စီမံခန့်ခွဲရေးပြစ်ဒဏ် တစ်ရပ်ရပ်ကို ချမှတ်ရမည်၊

(၂) ပုဒ်မ ၂၂၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄ သို့မဟုတ် ပုဒ်မ ၂၅ ပါ တားမြစ်ချက်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက ဤဥပဒေအရ အရေးယူဆောင်ရွက်ရမည်၊

(၃) စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူရန် အကြောင်းပေါ်ပေါက်ပါက သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသို့ သတ်မှတ်ချက်များ နှင့် အညီ တင်ပြရမည်။

## အခန်း (၁၀)

## တားမြစ်ချက်

၂၁။ မည်သူမျှ ပုဒ်မ ၁၃ အရ ချမှတ်သောအမိန့် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

၂၂။ မည်သူမျှ အောက်ဖော်ပြပါ အစားအသောက်ကိုထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ—

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သော၊ ဘေးဥပဒ် အန္တရာယ် ဖြစ်စေနိုင်သော သို့မဟုတ် ကျန်းမာရေးကို ထိခိုက်စေနိုင်သော အစားအသောက်၊

(ခ) အစားအသောက်၏ သဘာဝ၊ ဒြပ်ဝတ္ထု သို့မဟုတ် အရည်အသွေးကို ထိခိုက်စေပြီး ဘေးဥပဒ် အန္တရာယ် ဖြစ်စေရန် အရာဝတ္ထု တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ အစားထိုးထားသော သို့မဟုတ် ရောစပ်ထားသော အစားအသောက်၊

(ဂ) အစားအသောက် ထပ်ဖြည့်ပစ္စည်းကို သတ်မှတ်ချက်ထက် ပိုမိုအသုံးပြုထားသော အစားအသောက်၊

(ဃ) သက်ဆိုင်ရာက သတ်မှတ်ထားသည့် စိုက်ပျိုးရေးဆိုင်ရာ ဓာတ်ပစ္စည်း အမျိုးဆိုးပါနိုင်ခွင့်ရှိသော ပမာဏထက် ပိုမိုပါရှိသောအစားအသောက်၊

(င) သက်ဆိုင်ရာက တားမြစ်ထားသည့် ပစ္စည်းဖြစ်စေ၊ ခွင့်မပြုသည့်ပစ္စည်းဖြစ်စေ ပါရှိသော အစားအသောက်၊

(စ) ပုပ်သိုးသော၊ ပျက်စီးသော သို့မဟုတ် လူတို့စားသုံးရန် မသင့်လျော်သောပစ္စည်းပါရှိသည့် အစားအသောက်၊

(ဆ) စံမညီအစားအသောက်၊

(ဇ) အစားအသောက်တွင် မပါဝင်သည့် ဂုဏ်သတ္တိကို အမှတ်တံဆိပ်ပေါ်တွင် လွဲမှားဖော်ပြထားသော အစားအသောက်၊

(ဈ) လိုင်စင် ထုတ်ပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းကသတ်မှတ်သည့် ဖော်ပြရမည့် အချက်အလက်များ မပါရှိသောအစားအသောက်။

၂၃။ မည်သူမျှ လိုင်စင်မရှိဘဲ ထိန်းချုပ် အစားအသောက်ကို ထုတ်လုပ်ခြင်း မပြုရ။

၂၄။ မည်သူမျှ လိုင်စင်မရှိဘဲ ထုတ်လုပ်ထားသော ထိန်းချုပ် အစားအသောက်ကို ပြည်ပသို့ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

၂၅။ အစားအသောက်ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်သူ မည်သူမျှ အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ၊ အာဏာပိုင်အဖွဲ့ကဖြစ်စေ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့် စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ—

(က) အရည်အသွေးအာမခံခြင်း၊
(ခ) အမှတ်တံဆိပ်ကပ်ခြင်း၊
(ဂ) ကြော်ငြာခြင်း။

## အခန်း(၁၁)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၆။ မည်သူမဆို ပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရပြီးနောက် ဆက်လက်၍ လိုက်နာရန်ပျက်ကွက်လျှင် ထိုသူအား ဆက်လက်၍ ပျက်ကွက်သည့်နေ့အသီးသီးအတွက် တစ်နေ့လျှင်ငွေဒဏ် ကျပ် ၅၀၀ ချမှတ်ရမည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်—

(က) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (င) သို့မဟုတ် ပုဒ်မခွဲ(စ)ပါ အစားအသောက်နှင့် သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်၊
(ခ) ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲ (ဇ) သို့မဟုတ် ပုဒ်မခွဲ (ဈ) ပါ အစားအသောက်နှင့် သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူအား ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်၊
(ဂ) ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၂၉။ မည်သူမဆို ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းရမည်။

၃၀။ မည်သူမဆို ပုဒ်မ ၂၄ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၁။ အစားအသောက် ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းပြုလုပ်သူ မည်သူမဆို ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံးကျပ် ၁၀၀၀ မှ အများဆုံးကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၂)

### အထွေထွေ

၃၂။ (က) ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်နှင့် မန္တလေးမြို့ စည်ပင်သာယာရေး နယ်နိမိတ်များမှ အပ အခြားဒေသများတွင် မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီသည် အစားအသောက် စစ်ဆေးရေးလုပ်ငန်းကို ဆောင်ရွက်နိုင်သည်၊

(ခ) ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်နှင့် မန္တလေးမြို့ စည်ပင်သာယာရေး နယ်နိမိတ်များတွင် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီသည် အစားအသောက်စစ်ဆေးရေးလုပ်ငန်းကို သက်ဆိုင်ရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ သို့မဟုတ် မန္တလေးမြို့ စည်ပင်သာယာရေး ကော်မတီ၏ ကျန်းမာရေးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၃၃။ ကိုယ်တိုင်စားသုံးရန်အတွက် မိမိနှင့်တစ်ပါတည်း ပြည်တွင်းသို့ ယူဆောင်လာသော သို့မဟုတ် ပြည်ပသို့ ယူဆောင်သော အစားအသောက်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မသက်ဆိုင်စေရ။

၃၄။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ကျန်းမာရေးဝန်ကြီးဌာန သို့မဟုတ် ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့် လွှဲအပ်ခြင်းခံရသည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

၃၅။ စီးပွားရေးအလို့ငှာ အစားအသောက်ကို ပြည်တွင်းသို့ တင်သွင်းရန်ဖြစ်စေ၊ ပြည်ပသို့တင်ပို့ရန်ဖြစ်စေ ခွင့်ပြုချက်ထုတ်ပေးပိုင်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသည် ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်လက်မှတ် တင်ပြနိုင်သူကိုသာ ခွင့်ပြုချက်ထုတ်ပေးနိုင်သည်။

၃၆။ လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းက ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်နှင့် စည်းကမ်းချက်များသည် ဤဥပဒေအရ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်နှင့် စည်းကမ်းချက်များဖြစ်သည်ဟု မှတ်ယူရမည်။

၃၇။ အမျိုးသားဆေးဝါးဥပဒေအရ ထုတ်ပြန်ခဲ့သော အစားအသောက် စစ်ဆေးရေးနှင့် သက်ဆိုင်သည့် အမိန့်များသည် လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထုတ်ပြန်ခဲ့သော အစားအသောက် စံနှုန်းနှင့်သက်ဆိုင်သည့် အမိန့်များသည် လည်းကောင်း ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက် လိုက်နာကျင့်သုံးနိုင်သည်။

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်—

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ၊ အာဏာပိုင်အဖွဲ့ကဖြစ်စေ လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄။)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားအစားအသောက် ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) အစားအသောက်ဆိုသည်မှာ ဆေးဝါး၊ ဆေးရွက်ကြီးနှင့် အလှကုန်ပစ္စည်းများမှအပ လူတို့စားသောက်နိုင်သော စားသောက်ဖွယ်ရာနှင့် ယင်းတို့တွင်ပါရှိသော ပစ္စည်း သို့မဟုတ် အစားအသောက် ထပ်ဖြည့်ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကျန်းမာရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အစားအသောက်ဟု သတ်မှတ်သော ပစ္စည်းလည်း ပါဝင်သည်။"

၃။ အမျိုးသားအစားအသောက် ဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ)၊ ပုဒ်မ ၆ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၈၊ ၂၂၊ ၂၄၊ ၂၅ နှင့် ၃၀ တို့တွင် ပါရှိသော "သိုလှောင်ခြင်း" ဆိုသည့်စကားရပ်၏ နောက်တွင် "သယ်ယူပို့ဆောင်ခြင်း" ဆိုသည့် စကားရပ်ကို အသီးသီးဖြည့်စွက်ရမည်။

၄။ အမျိုးသားအစားအသောက် ဥပဒေ ပုဒ်မ ၄ ကို အောက်ပါ အတိုင်း အစားထိုးရမည်-

"ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အစားအသောက် ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ

အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ကို "သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။"

၅။ အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (က) ၌ ပါရှိသော "သိုလှောင်ခြင်း" ဆိုသည့် စကားရပ်၏ နောက်တွင် "သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မခွဲ (ခ) ၌ပါရှိသော "သိုလှောင်သော" ဆိုသည့်စကားရပ်၏ နောက်တွင် "သယ်ယူပို့ဆောင်သော၊ ဖြန့်ဖြူးသော" ဆိုသည့် စကားရပ်ကိုလည်းကောင်း ဖြည့်စွက်ရမည်။

၆။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ တို့၌ ပါရှိသော "သက်ဆိုင်ရာဝန်ကြီး သို့မဟုတ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ" ဆိုသည့် စကားရပ်ကို "သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၇။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ် သို့မဟုတ် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်တွင် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်း၍လည်းကောင်း၊ အခြားဒေသများတွင် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့နှင့် ညှိနှိုင်း၍လည်းကောင်း သင့်လျော်သော ဝန်ထမ်းများကို အစားအသောက် စစ်ဆေးရေးမှူးများအဖြစ် တာဝန်ပေးအပ်နိုင်သည်။"

၈။ အမျိုးသားအစားအသောက် ဥပဒေတွင်-

(က) ပုဒ်မ ၂၆ ၌ ပါရှိသော "ငွေဒဏ် ကျပ် ၁၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ကျပ် တစ်သိန်းထက် မပိုသော ငွေဒဏ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၂၇ ၌ ပါရှိသော "ငွေဒဏ် ကျပ် ၅၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ် ကျပ် ငါးထောင်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၂၈ ပုဒ်မခွဲ (က)၌ ပါရှိသော "ငွေဒဏ် ကျပ် ၃၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ကျပ် သုံးသိန်းထက် မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မ ၂၉ ၌ ပါရှိသော "ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ် ငါးသိန်း အထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မ ၃၀ နှင့် ၃၁ တို့၌ ပါရှိသော "ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံးကျပ် ၃၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ် အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ် သုံးသိန်း အထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အမျိုးသားအစားအသောက် ဥပဒေ ပုဒ်မ ၃၂ တွင်-

(က) ပုဒ်မခွဲ (က) နှင့် (ခ) တို့၌ ပါရှိသော "ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်များ" ဆိုသည့် စကားရပ်ကို "နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်များ" ဆိုသည့် စကားရပ် ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ၌ ပါရှိသော "သက်ဆိုင်ရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ"ဆိုသည့် စကားရပ်ကို "သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ အမျိုးသားအစားအစာဥပဒေ ပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ၊ အာဏာပိုင်အဖွဲ့ကဖြစ်စေ လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်